# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်




## ရေဒီယိုအစီအစဉ်အတွဲ (၄)

### ဝေလံခေါင်သီးသောနေရာက အထီးကျန်ကျေးရွာလေးတစ်ရွာအကြောင်း

International Development
Australian Broadcasting Corporation

## ရေဒီယိုအစီအစဉ်အတွဲ (၄)။ ။ ဝေလံခေါင်သီးသောနေရာက အထီးကျန်ကျေးရွာလေး တစ်ရွာအကြောင်း

## မိတ်ဆက်နိဒါန်း

ဤလမ်းညွှန်သည် ရေဒီယို ပညာပေးဇာတ်လမ်းကိုအသုံးပြုပြီး "လွှက်ရည်ကြမ်းစကားဝိုင်း" တစ်ခု ပြုလုပ်ရာတွင် ဦးဆောင်ဆွေးနွေးသူများအတွက် လိုအပ်သော ဆွေးနွေးပွဲလမ်းညွှန်ချက်များကို ဖော်ပြထားသည်။ ဤလမ်းညွှန်ချက်ကို မြန်မာ့အသံ အစီအစဉ်နှင့် တွဲဖက်အသုံးပြုရမည်။ ဝိုင်းဖွဲ့ဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ရေဒီယို အစီအစဉ်မှတစ်ဆင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ကျေးလက်နေ ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဖြန့်ဝေပေးရန် ဖြစ်ပါသည်။

## ရည်ရွယ်ချက်များ

ဤစကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြီးနောက် ပါဝင်ဆွေးနွေးသူများသည် အောက်ဖော်ပြ အကြောင်းအရာများနှင့် စပ်လျဉ်းသော ၎င်းတို့၏ ဗဟုသုတများ၊ စိတ်နေသဘောထားများနှင့် အပြုအမူများဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်စေမည်။

၁။ ကျေးလက်ဒေသ လူမှုအဖွဲ့အစည်းများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝများ တိုးတက်ကောင်းမွန်လာစေရန် ကျော်လွှားရန် လိုအပ်သည့် စိန်ခေါ်မှုများကို သိမြင်လာစေရန်။

၂။ အစိုးရထံမှ ရရှိသော အထောက်အပံ့များအပြင် အခက်အခဲများကို ဖြေရှင်းနိုင်မည့် အခြားသော နည်းလမ်းများနှင့် အဖြေအများကို ရှာဖွေရာတွင် ကျေးရွာလူထုအတွင်း စုပေါင်းအားထုတ်မှု၏ အရေးပါပုံကို သိရှိလာစေရန်။

၃။ စိုက်ပျိုးရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်း တိုးတက်ကောင်းမွန်စေရန် ဈေးနှုန်းချိုသာသော လယ်ယာသုံး စက်ကရိယာများကို အကြွေးစနစ်ဖြင့်ဖြစ်စေ၊ အရစ်ကျစနစ်ဖြင့်ဖြစ်စေ ဝယ်ယူနိုင်သည့်အခွင့်အလမ်းများ ဖန်တီးပေးရန် အရေးကြီးပုံ။

| | |
|---|---|
| **ဦးဆောင်ဆွေးနွေးသူ။** | ။အစိုးရဌာနများမှ ကျေးလက်ဖွံ့ဖြိုးရေးဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ |
| **ဆွေးနွေးမည့်နည်းစနစ်။** | ။အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားဝိုင်း) |
| **ပါဝင်ဆွေးနွေးမည့်သူ။** | ။၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား) |
| **ကြာမည့်အချိန်။** | ။၁ နာရီ ၂၀ မိနစ် |
| **လိုအပ်သောပစ္စည်း။** | ။CD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker မှတ်စုစာအုပ်နှင့် ဘော်ပင် |

## ဆွေးနွေးပွဲ အစီအစဉ်

**အခန်း ၁။ ။ မိတ်ဆက်ခြင်း (၁၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူ (The moderator) သည် ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်း မိတ်ဆက်ခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏ နေရပ်လိပ်စာနှင့် အသက်မွေးဝမ်း ကြောင်း လုပ်ငန်းကို ပြောပါစေ။)

- ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူတစ်ဦးချင်းစီကို ဤဆွေးနွေးပွဲတတ်ရောက်ခြင်းမှ ၎င်းတို့ ရရှိ မည်ဟု မျှော်လင့်ထားသော တစ်စုံတစ်ရာကို မေးမြန်းဆွေးနွေးပါ။

- ဦးဆောင်ဆွေးနွေးသူက ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆွေးနွေးပွဲပြီးသည့်အခါ ပါဝင် ဆွေးနွေးသူများသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များအတိုင်း သတင်း အချက်အလက်များ ရရှိသွားလိမ့်မည်ဟု ရှင်းလင်းပြောဆိုရန် ဖြစ်သည်။

- ထို့နောက် ဆွေးနွေးပွဲအစီအစဉ်ကို ရှင်းပြပါ။

**အခန်း ၂။ ။ ပူးပေါင်းစဉ်းစားခြင်း (၁၀ မိနစ်)**

- မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘုယျဆန်သော မေးခွန်း များကို တစ်ဦးချင်း မေးခြင်း စူးစမ်းလေ့လာ ကြည့်ပါ။

  (က) လက်ရှိ အသုံးချသော စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံထွက်ရှိမှုအပေါ် သင့်အနေဖြင့် ကျေနပ်မှုရှိပါသလား။

  (ခ) ဤဒေသမှ တောင်သူများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

  (ဂ) စိုက်ပျိုးနည်းစနစ်သစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။ (အဘယ်ကြောင့် စိတ်ဝင်စားသနည်း၊ သို့မဟုတ် စိတ်မဝင်စားသနည်း)

  (ဃ) တောင်သူများ စိုက်ပျိုးရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်း မွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁)**

- ❖ အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက် များနှင့် ဆွေးနွေးပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။
- ❖ အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမို ရင်းရင်း နှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။
- ❖ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင်

| |
|---|
| မည် ဖြစ်သည်။<br>❖ အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေး နွေးသူ တစ်ဦးချင်းစီ၏အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။ |

**အခန်း ၃။** ။ "ဝေးလံခေါင်သီသောနေရာက အထီးကျန်ကျေးရွာလေး တစ်ရွာအကြောင်း" ရေဒီယိုအစီအစဉ်ကို နားဆင်ခြင်း (၂၀ မိနစ်)

➢ ဦးဆောင်ဆွေးနွေးသူသည် ဤရေဒီယိုအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ ထိုသို့ ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

- ဤရေဒီယိုအစီအစဉ်က ရောဂတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်း မြို့နယ်အတွင်း အလှမ်းဝေးသောနေရာတွင် အထီးတည်းရှိနေသော လပွတ္တလုတ်ကျေးရွာရှိ တောင်သူများ၏ဘဝအကြောင်း တင်ဆက်ထားပါသည်။ ဤအစီအစဉ်တွင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးကဲ့သို့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုမရှိဘဲ သတင်းအချက်အလက်ရရှိမှု နည်းပါးသော အဆိုပါ လူမှုအဖွဲ့အစည်းများသည် စားဝတ်နေရေး ခက်ခဲကျပ်တည်းကြပုံကို တင်ဆကထားပါသည်။

➢ ထိုနောက် ရေဒီယိုဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက်နားစဉ်ရန် တိုက်တွန်းပါ။ နားထောင်နေစဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစားထားရန် တိုက်တွန်းပါ။

➢ ရေဒီယိုအစီအစဉ်ကို နားစဉ်ပြီးနောက် ဦးဆောင်ဆွေးနွေးသူက တစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အပိုင်း ၄။** ။ ရေဒီယိုအစီအစဉ် နားဆင်ပြီးနောက် လေ့လာရရှိသော အချက်များကို ဆွေးနွေးခြင်း (၃၀ မိနစ်)

➢ ပထမဆုံးအနေဖြင့် ဤရေဒီယိုဇာတ်လမ်းကို နားဆင်ပြီးနောက် မည်သည့်သတင်းအချက်အလက်များ လေ့လာရရှိခဲ့ပြီး၊ ထိုသတင်းအချက်အလက်များအပေါ် ပါဝင်ဆွေးနွေးသူများ၏ အမြင်သဘောထားများအား အုပ်စုဖွဲ့ဆွေးနွေးပါ။ ရေဒီယိုဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

➢ ဤရေဒီယိုဇာတ်လမ်းတွင် ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

➢ ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကျောင်း လိုအပ်ချက်ကိုလိုက်၍ ဆွေးနွေးမှုအပိုင်းအားလုံး သို့မဟုတ် အချို့ကို ရွေးချယ်ဆွေးနွေးနိုင်ပါသည်။ ဝိုင်းဖွဲ့ဆွေးနွေးမှုကို အထောက်အကူဖြစ်စေရန် မေးခွန်းများကို အသုံးပြုနိုင်ပါသည်။ ဦးဆောင်ဆွေးနွေးသူသည် "နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ" ကိုသုံး၍ ဆွေးနွေးချက်များကို မှတ်တမ်းတင်ပါ။

**(၁) လပွတ္တလုတ်ကျေးရွာရှိ တောင်သူလယ်သမားများ ရင်ဆိုင်နေရသော စိုက်ပျိုးရေး အသက်မွေးဝမ်း ကြောင်းမှုဆိုင်ရာ အခက်အခဲများက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) မိုးများပြီး ရေလွှမ်းမိုးခြင်း၊ ဆားငံရည်ဝင်ရောက်ခြင်းကြောင့် စပါးအထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းတို့နှင့် ရင်ဆိုင်နေရခြင်း၊ (ခ) ကျေးရွာရှိ လူငယ်များ အလုပ်အကိုင်ကောင်းရရှိရေးအတွက် အခြားဒေသများသို့ ထွက်ခွာနေကြခြင်းကြောင့် စိုက်ပျိုးရေးတွင် အလုပ်သမားရရှိမှု ခက်ခဲလာခြင်း၊ (ဂ) စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ကောင်းမွန် လာစေမည့် သတင်းအချက်အလက်များ၊ အတွေ့အကြုံဗဟုသုတများ ရရှိမှု မရှိခြင်း။

**(၂) လပွတ္တလုတ်ကျေးရွာရှိ တောင်သူလယ်သမားများ ဘဝရပ်တည်ရေးခက်ခဲရသည့် အခြားအကြောင်း ရင်းများက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) မိုးတွင်းအခါတွင် လမ်းပန်းဆက်သွယ်ရေးအဖြစ် လှေငယ်များဖြင့်သာ သွားလာနိုင်ခြင်းနှင့် နွေအခါတွင် အနီးဆုံးကျေးရွာကို တစ်နာရီခန့် လမ်းလျှောက်သွားရခြင်း၊ (ခ) ကျေးရွာမှာ လျှပ်စစ်မီးမရရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးခန်းမရှိခြင်း၊ (ဂ) မူလတန်းပညာရေး ပြီးမြောက်အောင်မြင်သော ကလေးငယ်များသည် ပညာဆက်လက်သင်ကြားနိုင်ရန် အခြားကျေးရွာသို့ သွားရောက်ရခြင်း။

**(၃) အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် လူမှုဘဝအခြေအနေများ တိုးတက်ကောင်း မွန်လာစေရန် တောင်သူများ လိုအပ်နေသည့်အရာများက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) စပါးထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်ရန် စိုက်ပျိုးရေးဦးစီးဌာန၏ အကြံညာဏ်များ၊ နည်းစနစ်ပိုင်ဆိုင်ရာ သင်တန်းပေးများပေးခြင်း၊ (ခ) ဈေးနှုန်းချိုသာသော လယ်ယာသုံး စက်ကရိယာများကို အကြွေးစနစ် သို့မဟုတ် အရစ်ကျပေးရသောစနစ်ဖြင့် ဝယ်ယူခြင်း၊ (ဂ) လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ရန်နှင့် လျှပ်စစ်မီးရရှိရန်၊ (ဃ) ရာသီဥတု၊ မြေဆီလွှာအခြေအနေတို့နှင့် ကိုက်ညီသော သီးနှံမျိုးကောင်းမျိုးသန့်များ လိုအပ်ခြင်း။

**(၄) ၎င်းတို့ရင်ဆိုင်နေရသော အခက်အခဲများကို ကျော်လွှားပြီး၊ ဘဝအခြေအနေ အပြောင်း အလဲအတွက် တောင်သူများကိုယ်တိုင် ကြိုးစားဆောင်ရွက်နိုင်သည့် အရာများက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) မိမိတို့ ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းနှင့် အဖြေအမျိုးမျိုးကို ရှာဖွေရာတွင် အစိုးရ သို့မဟုတ် အခြားသောအဖွဲ့အစည်းများထံမှ အထောက်အပံ့များကို လက်ခံရရှိမှုအပြင် ရပ်ရွာလူမှုအဖွဲ့အစည်းအတွင်း စုပေါင်းကြိုးပမ်းအား ထုတ်မှုများရှိရန်လည်း အရေးကြီးပုံ၊ (ခ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေများကို လယ်ယာစိုက်ပျိုးရေးအတွက်သာ ရင်းနှီးမြှုပ်နှံကြရန်၊ (ဂ) စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ကျေးရွာသို့ ရောက်လာမည့်အချိန်ကို မမျှော်ဘဲ၊ မိမိကိုယ်တိုင် ဆက်သွယ်အကူအညီ တောင်းရန်၊ (ဃ) ကျေးရွာအတွင်းရှိ တောင်သူအချင်းချင်းကြားတွင်လည်းကောင်း၊ အခြားကျေးရွာရှိ တောင်သူများထံမှလည်းကောင်း အတွေ့အကြုံကောင်းများကို သင်ယူ၍ စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်း တိုးတက်ကောင်းမွန်လာရန် ဆောင်ရွက်ရန်။

## အပိုင်း ၅။ ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)

- ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင်ဆွေးနွေး သူများ၏ အပြုအမူ သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။

  - ဤရေဒီယိုအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါသနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ်ကြောင့်နည်း။
  - သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။
  - ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် ရှိပါသလား။ အကြောင်းရင်းကို ရှင်းလင်းပြပါ။
  - ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် မည်သည့် အတားအဆီးအခက်အခဲများ ရှိပါသလဲ။
  - ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် သင့်ကို အထောက်အပံ့ဖြစ်စေမည့် အရာတွေက အဘယ်နည်း။

- ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည်အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

### ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)

ဤရေဒီယိုအစီစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင်ဆွေးနွေးသူသည် အောက်ပါ တို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

- ✓ ရေဒီယို အစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော နားစဉ်သူအုပ်စုကို ကြိုတင်စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။
- ✓ အကယ်၍ နားစဉ်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသဘာသာစကားကို မပြောနိုင်ပါက ဒေသခံ ဘာသာစကားပြောဆိုနိုင်သူတစ်ဦးကို ဘာသာပြန်ပေးရန် ကြိုတင်ပြင်ဆင်ထားပါ။
- ✓ နားစဉ်သူများ အလွယ်တကူ လာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင်ရန် ဆုံးဖြတ်ပါ။
- ✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဥပမာ - ရေဒီယိုအသံဖိုင် ဖွင့်ပြနိုင်သည့် စက်ကရိယာ) ဆွေးနွေးပွဲ ကျင်းပသည့်နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင်ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင် လာရန် ဖြစ်သည်။
- ✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက်ဖြင့် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းကိုးကားချက်

### ဝေလံခေါင်သီးသောနေရာက အထီးကျန်ကျေးရွာလေး တစ်ရွာအကြောင်း

**ဇင်ပိုင်း (တင်ဆက်သူ)** ။ ။ ရောဂတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း ဂျုံးဂျုံးကျချောင်းမကြီးထဲ စက်တပ်လှေတစ်စင်းနဲ့ မြန်မာ့အသံရဲ့ အကြီးတန်း အယ်ဒီတာ မနွဲ့နွဲ့ခိုင်ဟာ (၂) နာရီ ခန့်ခရီးနှင်းခဲ့ပြီးနောက် မြို့ရော အနီးပတ်ဝန်းကျင် ကျေးရွာများနဲ့ပါ အလှမ်းဝေးပြီး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ လပ္ပတ္တလုတ် ရွာလေးကို ရောက်ရှိလာပါတယ်။ ထိုရွာကလေးမှာ နေထိုင်ကြတဲ့ ရွာသူရွာသားတွေဟာ လူမှုဘဝခက်ခဲမှုတွေ ရှိနေပြီး ဘယ်လိုနေထိုင်ရှင်သန်ကြရတယ် ဆိုတာတွေနဲ့ပတ်သက်လို့ မြန်မာ့အသံရဲ့ အကြီးတန်း အယ်ဒီတာ မနွဲ့နွဲ့ခိုင် က ကိုယ်တိုင် သွားရောက်လေ့လာ မေးမြန်းထားတာကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**နွဲ့နွဲ့ခိုင် (အယ်ဒီတာ)။** ။ သောတရှင်များရှင် အခုကြားနေရတာကတော့ လက်ပွတ်တလုတ် (စာဖြူစု) ကျေးရွာရှိ ဘုရားကျောင်းမှာ ရွာရိုကလေးများ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် သီချင်းဆိုလေ့ကျင့်နေတဲ့ အသံပဲဖြစ်ပါတယ်။ လပ္ပတ္တလုတ်ကျေးရွာ လူဦးရေစုစုပေါင်းရဲ့ လေးပုံ တစ်ပုံခန့်ဟာ စားဝတ်နေရေး ချောင်လည်မှုရှိပြီး ကျန်မိသားစုတွေ ဟာဆိုရင် လယ်ယာမဲ့တွေဖြစ်ကြသလို၊ တစ်ချို့လည်း ရေကြည်ရာမြက်နုရာသို့ သွားရောက် အလုပ်လုပ်ကိုင်ကြရပြီး ရွာမှာ ကျန်ရစ်ခဲ့တဲ့ မိသားစုများကို ထောက်ပံ့ကြရပါတယ်။

လပ္ပတ္တလုတ်ရွာဟာ ပတ်ဝန်းကျင်ကျေးရွာများနဲ့ အလှမ်းဝေလျက်တည်ရှိပြီး၊ သွားရေးလာရေးအတွက် အဓိကအားထားရတာက စက်လှေဘဲ ဖြစ်တဲ့အတွက် မိုးရာသီကာလဆိုရင် ရေကြီးရေလျှံမှုတွေကြောင့် သွားရေးလာရေးခက်ခဲပါတယ်။ နွေရာသီ ရောက်ပြန်တော့လည်း တစ်ခုတည်းသော ချောင်းကလေး ရေခမ်းသွားတဲ့အတွက် လှေနဲ့ခရီးမသွားနိုင်ပြန် ဖြစ်ရတယ်။ ပညာရေးကိုကြည့်ပြန်တော့လည်း ရွာမှာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း တစ်ကျောင်းပဲ ရှိပါတယ်။ ရွာလူကြီး ဦးဇော်ဝင်းထွန်းရဲ့ ပြောပြချက်အရ ကျေးရွာရဲ့ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းဟာ စပါးစိုက်ပျိုးရေးဖြစ်ပြီး ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးနည်းစနစ်ကောင်းများ လေ့လာခွင့်မရရှိခြင်းနဲ့ တစ်ဧက စပါးထွက်နှုန်းရော အရည်အသွေးပါ ကျဆင်းခြင်း စတဲ့ အခက်အခဲတွေကြောင့် တောင်သူများမှာ အကြွေးသံသရာထဲ နစ်မွန်းနေကြရတယ်လို့ သိရှိရပါတယ်။

**ဦးဇော်ဝင်းထွန်း (ရွာလူကြီး)။ ။** (စိုက်ဘဏ်က) ချေးတာတော့ လယ်တစ်ဧကကို တစ်သိန်းခွဲ ချေးပေးတယ်။ တစ်ဆယ်ဧကကျော်ရင်လည်း တစ်သိန်းခွဲနှုန်းနဲ့ (၁၅) သိန်းပါဘဲ။ အတိုးနှုန်းကတော့ ပြား (၈၀) လောက်ရှိပါတယ်။ တစ်နှစ်ကို နွေတစ်ခါ မိုးတစ်ခါ (၂) ခါ ပေးတယ်။ သမဂါယမကလည်းပေးတယ် ဒါပေမယ့် မယူဘူး။ တစ်ခုပြီး တစ်ခု ယူတာများသွားရင် အချိန်တန် ပြန်မဆပ်နိုင်မှာစိုးလို့။ စိုက်ဘဏ်က အစိုးရထုတ်ပေးတယ်ဆိုတော့ အတိုးနည်းတယ်ဆိုတော့ အတိုးအတွက် မစဉ်းစားတော့ဘူးလေ။ ဘဏ်သွားထုတ်တဲ့အခါကြတော့ ဘဏ်မှ အစည်းအဝေးလုပ်ပြီး ပြန်ဆပ်မယ့်အချိန်ကို ဘဏ်မန်နေဂျာက ပြောတယ်။ ရွာကတော့ လမ်းနဲ့ မီးအဓိက လိုအပ်ပါတယ်။ မီးကတော့ ကျနော်တို့ရွာက မီးခွက်တို့ ဖယောင်းတိုင်တို့ ထွန်းနေရတာများတဲ့အတွက် အိမ်မီးရနိုင်ရင်တော့ ပိုကောင်းတာပေါ့။ အလှူငွေရရင်တော့ကောင်းတာပေါ့။ သူများလှူတာမပြည့်ရင် ကိုယ့်ရွာက စိုက်ထည့်နိုင်ရင်လည်း ကောင်းပါတယ်။

**နွဲ့နွဲ့ခိုင်။ ။** ရွာသားများရင်ဆိုင်ရတဲ့ အခက်အခဲများကို မေးကြည့်တော့ မြစ်ကမ်းပါးနားက ရွာမို့လို သဘာဝဘေး

အခက်အခဲတွေကြုံရပါက ရေပြင်သာဖြစ်ပြီး ရှောင်ရှားဖို့ မလွယ်တာပုံနဲ့ ရာသီဥတုမမှန်လို့ စိုက်ပျိုးရေးကို ထိခိုက်ပုံတို့ကို လပွတ္တာလုတ်ရွာသူ ဒေါ်တင်နွယ် က အခုလိုပြောပါတယ်။

**ဒေါ်တင်နွယ် (ရွာသူ)။** ။ ရာသီဥတုကတော့ မမှန်ဘူးပေါ့နော်။ ရွာချင်ရွာတယ် မရွာချင် မရွာဘူး။ လယ်တွေကလည်း ကုန်းပိုင်ဆိုရင် မိုးကောင်းရင်တော့ စပါးနည်းနည်းကောင်းတာပေါ့နော်။ မိုးမကောင်းရင်တော့ စပါးက သိပ်မကောင်းဘူးပေါ့။ အနိမ့်ပိုင်းကျတော့ မိုးမကောင်းရင်တော့လည်း စပါးကရှည်တော့ နည်းနည်းကောင်းတာပေါ့။ မိုးတအားကောင်းရင်တော့ လယ်က ဘာမှမဖြစ်ဘူး...ရေဘဲ။ ရေကကြီးရင်တော့ စပါးတွေ ရေလွှမ်းပြီးသေတာဘဲ။ ရေဒီယိုထဲမှာ နားထောင်တော့ ကြော်ငြာတယ်လေ၊ မုန်တိုင်းတွေရှိသေးတယ်။ လေဖိအားရပ်ဂွမ်းတွေရှိတယ်။ ဒီလိုမျိုး ပြောတယ်။ ဒါပေမယ့် ကိုယ်က သတိထားပေမယ့်လို့ မတတ်နိုင်ဘူးလေ။ အများနဲ့ဆိုတော့ ဖြစ်လာရင်လည်း ဘာမှ မတတ်နိုင်ဘူးလေ။ အချိန်တန် စပါးတွေ အသီးအနှံထွက်လာတဲ့အချိန်မှာ အဲ့လိုမုန်တိုင်းတွေဖြစ်ရင်တော့ ဆုံးရှုံးသွား တာပဲ။ အထွက်ကြတော့ သိပ်မထွက်ဘူး၊ တစ်ဧကမှ ၇၀ ၊ ၆၀ ကျော် အဲ့လောက်ဘဲ။ ဓာတ်ဆား (ဓာတ်မြေသြဇာ) ကတော့ ကျဲတာပဲ၊ အသီးအားဆေးလည်း ထည့်တာဘဲ၊ လုပ်တော့လုပ်တယ် ဒါပေမယ့် ဘုရားပေးသလောက်ဘဲပေါ့နော်။ တစ်ခါတစ်လေ ပိုးတွေကကျတော့ ရှော့သွားတာပေါ့။ အစိုးရဘဏ်က ငွေချေးပြီး အရင်းအနှီး ပြန်လုပ်ရတာပေါ့။ အချိန်တန်လို့ အသီးအနှံတွေရလာရင် ပြန်ဆပ်ရတယ်။ လယ်လည်းလုပ်၊ ဂက်ကလေး မွေးလိုက်၊ ကြက်ကလေး မွေး လိုက်ပေါ့၊ အချိန်တန်ကြတော့ အဲ့ဒါတွေပြန်ရောင်းပြီး ဘဏ်တွေက ချေးငွေတွေကို ပြန်ဆပ်ပေါ့။ ဒီလယ်လေလောက်ပဲ လုပ်နေရတာပေါ့။ ဒီနှစ်တော့ ရေကြီးတယ်။ ဆားငံရည်ဝင်ရင်တော့ အကုန်လုံးသေမှာဘဲ။ ပဲတို့၊ ငရုတ်တို့၊ စပါးတို့ကအစ အကုန်သေကုန်မှာဘဲ။ ဒါပေမယ့် ရေမရောက်တော့ ကျေးဇူးတင်ရတာပေါ့လေ။

**နွဲ့နွဲ့ခိုင်။** ။ ရွာမှာ စီးပွားရေးကျပ်တည်းတော့ လူငယ်တွေ မြို့တတ် အလုပ်ရှာကြတယ်၊ တစ်ချို့လည်း နိုင်ငံခြားအထိ သွားကြတယ်။ ဒါကြောင့် လယ်ယာလုပ်သားလည်း ရှားပါးလာတယ်။ စပါးရိတ်ချိန်မှာ အနီးအနားရွာတွေကနေ လုပ်သားရှာမရတဲ့အခါ စက်ကို ငှားရမ်းရပါတယ်။ စက်ငှားရမ်းခကို ငွေကြေးနဲ့မပေးဘဲ၊ စပါးတင်း (၁၀၀) ကို (၅) တင်းပေးရပြီး၊ အမျိုးအစားကောင်းတဲ့ စပါးဆိုရင် (၄) တင်းပေးရတယ်လို့ ဆိုပါတယ်။

**ဒေါ်တင်နွယ် (ရွာသူ)။** ။ လိုက်ရိတ်တဲ့သူတွေ ငှားရတယ်။ တစ်ကွက်ကို (၅) သောင်း၊ (၆) သောင်းဘဲ။ ကိုယ်က ရိတ်ချင်ပြီးဆိုရင် သူတို့တွေကို သွားပြောတယ်၊ လာရိတ်ပေးတယ်။ လူတွေရိတ်လို့မအားရင် စက်ကို ငှားပြီး ရိတ်ရ တယ်။ စက်ကိုငှားလည်း ဒီအတိုင်းဘဲ။ တစ်ဧကကို (၅) သောင်း၊ (၆) သောင်းဘဲ။ ခြွေလှေ့ကတော့ တင်း (၁၀၀) ကို စပါးအကြမ်းက (၅) တင်း၊ စပါးအနု (ပေါ်ဆန်း) တွေဆိုရင်တော့ (၄) တင်း စက်ခ စက်သမားကို ပေးရတယ်။ စပါးဘဲ ယူတယ်။ ကျမတို့ဆို Solar တောင် မဂယ်နိုင်ဘူး။ အဲ့ဒါဂယ်လိုက်ရင်လည်း (စပါးရိတ်ဖို့) လူငှားခပေးဖို့ မရှိတော့လေ ဘာမှ မဂယ်ဖြစ်ဘူး။ နာဂစ်ပြီးကတည်းက တီဗွီမကောင်းတာ အခုထိ တီဗွီမဂယ်နိုင်သေးဘူး (ရယ်သံ)။ အခုက သူများ လှူထားတာလေ၊ ဒိုင်နမိုက တစ်ဦး၊ စက်ကတစ်ဦး အဲ့လိုမျိုးတွေပေါ့နော်။ ဘာမှလည်း မပြောတတ်၊ မသွား တတ် မလာတတ်ပေါ့နော်။

**နွဲ့နွဲ့ခိုင်။** ။ လပွတ္တာလုတ်ရွာတောင်သူတွေဟာ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ စိုက်ပျိုးစရိတ် ချေးငွေကို ရရှိကြပေမယ့် ကောင်းမွန်တဲ့ စိုက်ပျိုးနည်းပညာများနဲ့ အခြားပညာဗဟုသုတများကို စိုက်ပျိုးရေးဌာန ဝန်ထမ်းများထံက မရရှိဘူးလို့ ပြောပြကြပါတယ်။

**ရွာသားတစ်ဦး။** ။ ကျနော်တို့ဒေသဟာဆိုရင် မြို့နဲ့အလှမ်းဝေးတယ်။ ဒီတော့ ရွာကလူထုတွေကလည်း အသိပညာ အတတ်ပညာတွေ နည်းကြတာများတယ်။ လယ်သမားတွေ ကိုယ်ပိုင်လယ် ရှိပေမယ့်လို့ ကျနော်တို့ရွာမှာ စက်ပစ္စည်းတို့၊ နည်းပညာပိုင်းတို့မှာ သိပ်ပြီးတော့ နားလည်းတဲ့သူတွေ မရှိကြဘူး။ ပြီးတော့ စိုက်ပျိုးရေးပိုင်းဆိုင်ရာမှာ တကယ့်ကိုပဲ အားနည်းတယ်။ စက်မှုလက်မှုအတွက် ကျနော်တို့မှာ အကူအညီ လိုတယ်။ ဆိုလိုချင်တာကတော့ဗျာ ကျနော်တို့ ရွာအတွက် မြို့ကနေပြီးတော့ လယ်ထွန်စက်တို့ ရိတ်သိမ်းစက်တို့ ဈေးနှုန်း ချိုသာစွာနဲ့

အရစ်ကျစနစ်နဲ့ ချပေးမယ် ဆိုရင်တော့ ကျနော်တို့ကျေးရွာအတွက် တကယ်ပဲ အကျိုးရှိလိမ့်မယ်လို့ ထင်တယ်။ နောက်ပြီးတော့ ဓါတ်မြေသြဇာတို့ ဒီဇယ်တို့ကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ပဲဖြစ်ဖြစ် ထောက်ပံ့မှုနဲ့ပဲဖြစ်ဖြစ် ကျနော်တို့ ကျေးရွာမှာ ဒါတွေရရှိမယ်ဆိုရင် ကျေးရွာရဲ့ စားဝတ်နေရေးက တကယ်ပဲ တိုးတက်လာလိမ့်မယ်လို့ ထင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ညံ့ပါတယ်။ ကလေးတွေ ဒီကနေ ဘုရားစုကို ကျောင်းတက်ရပါတယ်။ လမ်းက မကောင်းတဲ့အတွက် ဗွက်တွေ နှုန်းတွေထဲမှာ လမ်းလျှောက်ရပါတယ်။ နောက်တစ်ခုက ကျန်းမာရေးပေါ့၊ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် နေမကောင်းဘူးဆိုရင် ကျနော်တို့ရွာမှာ ဆေးခန်းမရှိတဲ့အတွက် အဲ့ဒီ ဘုရားစုရွာမှာဘဲ ဆေးခန်းရှိတယ်။ ဘုရားစုနဲ့ ကျနော်တို့ ရွာ က လမ်းပန်းဆက်သွယ်ရေးမကောင်းပါဘူး။ နွေဖက်ဆိုရင် ချောင်းရေခမ်းတဲ့အတွက် ပဲ့တောင် (လှေ) နဲ့သွားလို့ အဆင်မပြေဘူး။ အနည်းဆုံး တစ်နာရီ လျှောက်ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် ကျန်းမာရေး သော်လည်းကောင်း၊ ပညာရေးသော်လည်းကောင်း လိုအပ်တယ်လို့ ကျနော့်အနေနဲ့ မြင်မိတယ်။

**နွဲ့နွဲ့ခိုင်။** ။ လယ်ပွတ္တလုတ် ရွာသူရွာသားတွေကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ပတ်သက်ပြီး ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ တိုင်းမန်နေဂျာ ဦးထွန်းအောင်ကျော် ကို မေးမြန်းကြည့်တဲ့အခါ အခုလိုဖြေကြား ပါတယ်။

**ဦးထွန်းအောင်ကျော်** (တိုင်းမန်နေဂျာ၊ စိုက်ပျိုးရေးဦးစီးဌာန) ။ ။ ကျနော်တို့ကတော့ နည်းပညာနဲ့ လိုအပ်တဲ့ အကူ အညီ ပေးတယ်။ ငွေချေးတာဟာ တောင်သူလယ်သမားဘဝ မြှင့်တင်ရေးအတွက် ထိရောက်တဲ့လုပ်ငန်း တစ်ခုလို့ ကျနော် မယူဆဘူး။ ကျနော်တို့က စိုက်ပျိုးရေးဦးစီးဌာနက ဖြစ်တဲ့အတွက် စိုက်ပျိုးရေးရှု့ထောင့်ကနေ ဖြေပေးလို့ရတာပေါ့။ စိုက်ပျိုးရေးအနေနဲ့ဆိုရင် လယ်သမားတွေ သူတို့ဆီမှာ စိုက်တယ်ပျိုးတယ်၊ သူတို့ဒေသနဲ့ ကိုက်ညီတဲ့ မျိုးပေါ့။ သူတို့ တကယ်လို့ ကျနော်တို့ဆီမှာ တောင်းဆိုလာရင်ပေးမယ်ဆိုရင် ကျနော်တို့ဝန်ထမ်းတွေ ကလည်း အဲ့ဒီကိုရောက်လို့ သူတို့ တင်ပြတဲ့ အခက်အခဲတွေကို ကျွန်တော်တို့ သိရရင် ဒီမှာ ဘာလိုတာလဲ ရေနက်စပါး လိုတာလား၊ ဆားငန်ဒဏ်ခံစပါး လိုတာလား၊ ဒါတွေကို ကျနော်တို့ကသိလိုရှိရင် သက်ဆိုင်ရာဒေသနဲ့ ကိုက်ညီမယ့် မျိုးတွေကို အဲ့မှာ ကူညီပေးလို့ရတယ်။ ဒါတွေကို ကျနော်တို့လည်း အကူအညီပေးနေပါတယ်။ ပေးနေပေမယ့် ကျေးရွာတွေကို ရောက်တယ် မရောက်ဖူးဆိုတာကတော့ သွားရေးလာရေးနဲ့ ဆက်သွယ်ရေး စသည်ဖြင့်ပေါ့လေ။ ကျနော်တို့ဌာနဲ့ တိုက်ရိုက်ချိတ်ဆက်မှု၊ ဒီအပေါ်မှာတော့ မှုတည်တဲ့နေရာ တစ်ချို့ ရှိတာပေါ့။ နောက်တစ်ချက်က ငွေချေးတယ်ဆိုတာ စိုက်ဘဏ်ပေါ့နော်၊ စိုက်ဘဏ်ကနေ ငွေချေးတာတွေ ရှိမယ်။ ချေးတာ တွေကို အကျိုးရှိရှိ အသုံးပြုနိုင်ရဲ့လား။ သဘောကတော့ စိုက်ရေးပျိုးရေးမှာ သုံးဖို့အတွက် ချေးတဲ့ငွေတွေကို တကယ်ပဲ စိုက်ရေးပျိုးရေးမှာ သုံးစွဲသလား။ ဒါတွေကိုတော့ ကျနော်တို့မသိနိုင်ဘူးပေါ့။ ငွေချေးရင်တော့ စိုက်ဘဏ်ကပေးတဲ့ အတိုးနှုန်းကလည်း ချေးငွေတွေထဲ မှာ အသက်သာဆုံးနှုန်းထားနဲ့ ချေးတယ်လို့ဘဲ ကျနော်တို့ သဘောပေါက်ပါတယ်။

**နွဲ့နွဲ့ခိုင်။** ။ ဦးထွန်းအောင်ကျော်ရဲ့ အဆိုအရ လယ်သမားတွေလည်း တချို့သောကိစ္စတွေမှာ ကိုယ့်အားကိုယ်ကိုးပြီး နည်းလမ်းရှာသင့်တယ်လို့ ဆိုပါတယ်။ ကိုယ်စိုက်ပျိုးမဲ့ကွင်းရဲ့ ရေပေါ်မူတည်ပြီး မှန်ကန်ကိုက်ညီတဲ့ စပါးမျိုးစေ့များကို ရွေးချယ် စိုက်ပျိုးသင့်ပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ စိုက်ပျိုးရေး ဖြစ်ဖို့ဆိုရင် ဒီနှစ်စိုက်ပျိုးရရှိတဲ့ထဲက မျိုးကောင်းမျိုးသန့် မျိုးစပါးကို နောင်နှစ်မှာ စိုက်ပျိုးနိုင်ဖို့အတွက် သိမ်းဆည်းထားသင့်သလို အလုပ်သမားရှားပါးမှုကိုလည်း စက်ကရိယာသုံးပြီး အစားထိုးဖြေရှင်းသင့်ကြောင်း သူက အကြံပြုထား ပါတယ်။

**ဇင်ပိုင်း (တင်ဆက်သူ)** ။ ။ ယခုအစီအစဉ်ကို မြန်မာ့အသံသတင်းထောက် မနွဲ့နွဲ့ခိုင် တင်ဆက်ခဲ့တာ ဖြစ်ပြီး၊ လမ်းပန်း ဆက်သွယ်ရေးခက်ခဲလျက် အထီးကျန်ရှင်သန်ရပ်တည်နေရတဲ့ ဧရာဝတီတိုင်းဒေသကြီးထဲက ကျေးရွာကလေး တစ်ရွာအကြောင်း ဖြစ်ပါတယ်။ မြန်မာပြည် အခြားအရပ်ဒေသက အလားတူ ကျေးရွာများမှ နားဆင်ကြတဲ့ သောတရှင်များလည်း မိမိတို့ ရင်ဆိုင်နေရတဲ့ အခက်အခဲများကို ဘယ်လို ကျော်လွှာ ဖြေရှင်းမလဲလို့ အတွေးဆများ ရရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက သက်ဆိုင်ရာမြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနကို ဆက်သွယ်မေးမြန်းကြပါလို့ တိုက်တွန်းရင်း သောတရှင်များ

ရေဒီယိုအစီအစဉ်စာမူ

| |
|---|
| ကျန်းမာ ရွှင်လန်း ကြပါစေ။ |

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ______________________မြို့နယ် ၊ ကျေးရွာအုပ်စု၊ __________________________ကျေးရွာအုပ်စု ၊ ______________________________ ကျေးရွာ

ဦးရေ။ ။ ( ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |